ARTICLE 19

# မြန်မာနိုင်ငံ - ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေများ

၂၀၁၂

# အကျဉ်းချုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ ဇူလိုင်လ ၅ ရက် ၂၀၁၂ တွင် ပြဌာန်းခဲ့သည့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို အာတီကယ် ၁၉ မှ ဇူလိုင်လတွင် ဆန်းစစ်လေ့လာခဲ့သည်။

ထိုကြော်ငြာစာပါ ပြဋ္ဌာန်းချက်များကို နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းတွင်အခြေခံ၍ ဆန်းစစ်သုံးသပ်ခဲ့သည်။ မြန်မာနိုင်ငံ သည် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ (The International Covenant on Civil and Political Rights) နိုင်ငံတကာ သဘောတူစာချုပ်နှင့် အခြားနိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များကို ပဏာမ လက်မှတ်ရေးထိုးခြင်းနှင့် လိုက်နာရန်အတည်ပြုလက်ခံထားခြင်းမရှိပါ။ သို့သော် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၆၄ တွင် ပါသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်ကို ကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုနိုင်သောကြောင့်၊  အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ယင်းအခွင့်အရေးနှင့်သက်ဆိုင်သည့် နိုင်ငံတကာစံနှုန်းကို လမ်းညွှန်အဖြစ်အသုံးပြုရန် အာတီကယ် ၁၉ အနေဖြင့် အကြံပြုလိုသည်။

ဤဆန်းစစ်လေ့လာမှုတွင် နိုင်ငံတော်မှ စုဝေးမှုတွင်ပါဝင်သူများကိုကာကွယ်ရန် တာဝန်ရှိသည်ဆိုသည့်အချက်ကို ဤဥပဒေ၌ အသိအမှတ်ပြုထားခြင်းကို အာတီကယ် ၁၉ မှ အသိအမှတ်ပြုကြိုဆိုသည်။ သို့သော် စုဝေးခြင်းပြုရန် ခွင့်ပြုမိန့် လျှောက်ထားမှုအတွက် လိုအပ်သည့်သတ်မှတ်ချက်၊ ခွင့်ပြုမိန့်ငြင်းပယ်ခြင်း၊ တရားရုံးမှတစ်ဆင့် ပြန်လည် အယူခံခွင့် မရှိခြင်းနှင့် သတင်းမီဒီယာများမှ စုဝေးသည့်နေရာသို့ သွားရောက်ခွင့်အာမခံချက် ကင်းမဲ့ခြင်းများသည် အခက်အခဲဖြစ်နေ ကာ၊  ထိုအချက်များကို အမြန်ဆုံး ပြင်ဆင်သင့်သည်။ အာတီကယ် ၁၉  တိုက်တွန်းလိုသည်မှာ မြန်မာအစိုးရအနေဖြင့် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်၍ အခြားပြဌာန်းထားသောဥပဒေများကိုလည်း နိုင်ငံတကာစံနှုန်း ပေါ်အခြေခံ၍ ပြန်လည်သုံးသပ်ခြင်း၊ ထိုစံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော ပြင်ဆင်ခြင်းများပြုလုပ်ရန် တိုက်တွန်း သည်။

## အကြံပြုချက်များ

- မြန်မာအစိုးရအား အာတီကယ် ၁၉  တိုက်တွန်းလိုသည်မှာ
- နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်ကို ပဏာမ လက်မှတ်ရေးထိုးပြီး  လိုက်နာရန် အတည်ပြုသဘောတူညီချက်ပေးရန်
- ကမ္ဘာ့ကုလသမဂ္ဂ၏ လွတ်လပ်ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းအဖွဲ့များတည်ထောင်ခွင့် ဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မိမိအမြင်ကို လွတ်လပ်စွာထားရှိခွင့်၊ သတင်းအချက်အလက်များကို ရယူခွင့်၊ ထုတ်ဖေါ်ပြောဆိုခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်အား မြန်မာပြည်သို့ လာရောက်ရန် မြန်မာအစိုးရမှ ဖိတ်ခေါ်ရန်
- ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အာမခံချက်ရှိစေရန် နိုင်ငံတာစံနှုန်းနဲ့အညီ ဆောင်ရွက်ရန်

- အာတီကယ် ၁၉ ၏ အကြံပြုချက်အတိုင်း ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်ဆိုင်ရာ နိုင်ငံတကာစံနှုန်းနှင့် အညီ ပြန်လည်ပြင်ဆင်ရန်

- တည်ဆဲ ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာဥပဒေ၏ အခြေခံပြဋ္ဌာန်းချက်ကို လူထုဆွေးနွေးပွဲများ ဦးဆောင် ပြုလုပ်ရန်နှင့် သက်ဆိုင်ရာဥပဒေကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်နိုင်ရန်အတွက် လူထုအခြေပြု အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန်

မြန်မာပြည်ရှိ လူထုအခြေပြုအဖွဲ့အစည်းများအား အာတီကယ် ၁၉ တိုက်တွန်းလိုသည်မှာ

- ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာ ပြည်တွင်းဥပဒေကို ပြင်ဆင်ဖြည့်စွက်ရန်အတွက် လူထုဆွေးနွေးပွဲများ၊ အစိုးရနှင့် အကြံပေးတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန်

- လူထုအခြေပြုအဖွဲ့အစည်းများကြား ညှိနှိုင်းပေါင်းအဖွဲ့ဖွဲ့စည်းကာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ လူထုပညာပေးလှုပ်ရှားမှုများ ပြုလုပ်ရန်

- ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းဥပဒေ၏ ပြင်ဆင်လိုသည့် အသေးစိတ်အချက်အလက်များကို ပြောင်းလဲနိုင်ရန် စည်းရုံးလှုံ့ ဆော်မှုပြုလုပ်ခြင်းနှင့် ဥပဒေဆိုင်ရာအကြံပြုချက်မူကြမ်း ရေးဆွဲရန်

- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်အပေါ် ဆောင်ရွက်ခွင့်ရှိသည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်

# မာတိကာ

**အာတီကယ် ၁၉၏ ဥပဒေ အစီအစဉ် အကြောင်း ........ 5**

**နိဒါန်း ........ 6**

**မြန်မာအစိုးရအနေဖြင့် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်၍ အခြားပြဋ္ဌာန်းထားသောဥပဒေများကိုလည်း နိုင်ငံတကာစံနှုန်းတွင်အခြေခံ၍ ပြန်လည်သုံးသပ်ခြင်း၊ ထိုသတ်မှတ်ချက်စံများနှင့် ကိုက်ညီမှုရှိသော ပြင်ဆင်ခြင်းများ ပြုလုပ်ရန် အာတီကယ် ၁၉ တိုက်တွန်းလိုသည်။ ........ 7**

**လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာ နိုင်ငံတကာစံနှုန်း ........ 7**

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ........ 7

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်တို့၏ ပတ်သက်ဆက်နွယ်မှု ........ 9

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်၏ အကန့်အသတ်များ ........ 9

မြန်မာပြည်အတွက် နိုင်ငံတကာလူ့အခွင့်အရေးစံ အရေးကြီးမှု ........ 10

**မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာ ဥပဒေကို ဆန်းစစ်သုံးသပ်ခြင်း ........ 11**

၎င်းဥပဒေ၏ အပြုသဘော ကြွန်အင် လက္ခဏာ ........ 11

၎င်းဥပဒေ၏ အဆိုးသဘော ကြွန်အင် လက္ခဏာ ........ 11

**လိုအပ်သည်ထက်ပိုသော စည်းမျဉ်း** ........ 14

# အာတီကယ် ၁၉၏ ဥပဒေ အစီအစဉ် အကြောင်း

အာတီကယ် ၁၉၏ ဥပဒေအစီအစဉ်သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရယူပိုင်ခွင့်ကို ခေတ်နှင့်လျော်ညီသောအဆင့်ထိ တိုးတက်မှုရှိလာစေရန်အတွက် နိုင်ငံတကာနှင့် ၎င်းဥပဒေကို အကော်အထည် ဖော်ဆောင်ရွက်သော ပြည်တွင်းတရားရေးစနစ်များအပေါ် ဆော်သြလှုံ့ဆော်မှုပြုလုပ်သည်။ ဤဥပဒေအစီအစဉ်မှ အသရေဖျက်မှုဆိုင်ရာဥပဒေ၊ သတင်းအချက်အလက်ရယူပိုင်ခွင့်နှင့် သတင်း ထုတ်လွှင့်ခြင်းဆိုင်ရာစည်းမျဉ်းများကို အကောင်းဆုံး ကျင့်သုံးအကောင်အထည်ဖော်ခြင်းနှင့်သက်ဆိုင်သော နိုင်ငံတကာနှင့် နှိုင်းယှဉ်မှုပြုဥပဒေများအကြောင်း ဖော်ပြသည့် စံနှုန်းပြု စာအုပ်စာတမ်းများ ထုတ်ဝေသည်။ ဤစာတမ်းများနှင့် အာတီကယ် ၁၉ ၏ ဥပဒေဆိုင်ရာ ကျွမ်းကျင် တတ်သိမှုအပေါ်အခြေခံ၍ ဥပဒေအစီအစဉ်သည် နှစ်စဉ် ဥပဒေဆိုင်ရာဆန်းစစ်ချက်များထုတ်ဝေခြင်း၊ ဥပဒေသစ်ပြဋ္ဌာန်း ရန်ကမ်းလှမ်းချက်မူကြမ်းနှင့် တည်ဆဲဥပဒေများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် အကျိုးသက်ရောက်မှု အကြောင်း သုံးသပ်ခြင်းအပြင် ပေါ်လစီဆိုင်ရာစာတမ်းနှင့် အခြားသောစာတမ်းများထုတ်ဝေသည်။ ကမ္ဘာတစ်ဝန်းလုံး၌ အပြုသဘောဆောင်သည့် ဥပဒေပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာမည်ကို ပံ့ပိုးသောအားဖြင့် ၁၉၉၈ခုနှစ်မှ စတင်ခဲ့သည့် ဤလုပ်ငန်းသည် မကြာခဏဆိုသလို ဥပဒေသစ်ပြဋ္ဌာန်းရန်အကြံပြုချက်များနှင့် တည်ဆဲဥပဒေများအား ကြီးမားသော တိုးတက်မှုဖြစ်ထွန်းစေခဲ့သည်။

ဤဥပဒေ အစီအစဉ်မှ ထုတ်ဝေသော စာတမ်းများအားလုံးကို ဤအင်တာနက်စာမျက်နှာတွင် ရယူနိုင်ပါသည်။ ။ http://www.article19.org/resources.php/legal/.

ဤစာတမ်းနှင့်ပတ်သက်၍ ဆွေးနွေးလိုလျှင် သို့မဟုတ် အာတီကယ် ၁၉ ဥပဒေအစီအစဉ်ကို သိစေလိုသည့် ကိစ္စရပ်တစ်ခုခုရှိလျှင် အီးမေးလ်ဖြင့် legal@article19.org သို့ ဆက်သွယ်နိုင်ပါသည်။

ဤစာတမ်းနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အာတီကယ် ၁၉ ၏ ဥပဒေနှင့် ပေါ်လစီဆိုင်ရာ အထက်တန်း ညွှန်ကြားရေးမှူး ဘာဘိုရာဘူကိုစ် ကို barbora@article19.org သို့မဟုတ် +၄၄ ၂၀ ၇၃၂၄ ၂၅၀၀ တွင် ဆက်သွယ်နိုင်ပါသည်။ အာတီကယ် ၁၉ ၏ မြန်မာနိုင်ငံဆိုင်ရာ ဆောင်ရွက်ချက်များကို ပိုမိုသိရှိလိုပါက အထက်တန်းစည်းရုံးလှုံ့ဆော်မှုအရာရှိ အိုလီဗာ စပင်ဆာကို oliver@article19.org တွင် ဆက်သွယ်နိုင် ပါသည်။

# နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဇူလိုင် ၅ ရက် ၂၀၁၂ ခုနှစ်တွင် သဘောတူ၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ “ဥပဒေ”[1]ကို အာတီကယ် ၁၉ က ဤစတမ်းအကျဉ်းတွင် ပြန်လည်သုံးသပ်တင်ပြထားသည်။ ဤ ဥပဒေတွင် စုဝေးခြင်းပြုလုပ်ရန်အတွက် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ခွင့်ပြုမိန့်ငြင်းပယ်ခြင်းနှင့် အယူခံဝင်ရန်လုပ်ထုံးလုပ်နည်းနှင့် စုဝေးခြင်းပြုလုပ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းဆိုင်ရာ ပြဋ္ဌာန်းချက် ၂၇ ချက်ပါဝင်သည်။

ဤဥပဒေသည် လူစုလူဝေးပြုလုပ်ရန်အတွက် အသေးစိတ်ဖော်ပြထားသည့် ဥပဒေဆိုင်ရာနည်းနာများ ဖြစ်သည်။ ၎င်းဥပဒေနည်းနာများကို ဒီဇင်ဘာလ ၂ ရက် ၂၀၁၁ တွင် ထုတ်ပြန်သောငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ၏ အသေးစိတ်ပြဋ္ဌာန်းချက်များအပေါ် အခြေခံထားခြင်းဖြစ်သည်။ ဤဥပဒေနည်းနာများသည် ဥပဒေပါ ပြဋ္ဌာန်းချက်များကို အသက်ဝင်စေသည်။

ဤဆန်းစစ်ချက်ကို နိုင်ငံတကာလူ့အခွင့်အရေးဥပဒေဖြစ်သော နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာနိုင်ငံတကာ သဘောတူစာချုပ် The International Covenant on Civil and Political Rights (“ICCPR”) ၏ အဓိကပြဋ္ဌာန်းချက်ဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်များတွင် ခြေခံ၍ သုံးသပ်ထားသည်။ ထို့အပြင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းရယူခွင့်ဆိုင်ရာဥပဒေနှင့် ပေါ်လစီပြုပြင်ပြောင်းလဲမှုအတွက် နိုင်ငံအများအပြားတွင် ကြိုးပမ်းခဲ့သည့် အာတီကယ် ၁၉ ၏ များစွာသော အတွေ့အကြုံများအပေါ်တွင်လည်း အခြေခံထားသည်။ မြန်မာနိုင်ငံ အနေဖြင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်နှင့် အခြားနိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များကို ပဏာမ လက်မှတ်ရေးထိုးခြင်းနှင့် လိုက်နာရန် အတည်ပြုလက်ခံထားခြင်းမရှိသော်လည်း မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၆၄ တွင် ပါသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်ကို ကျယ်ပြန့်စွာ အဓိပ္ပါယ်ပြန်ဆိုနိုင်သောကြောင့်၊ အဓိပ္ပါယ်ပြန်ဆိုရာတွင် ယင်းအခွင့်အရေးနှင့် သက်ဆိုင်သည့် နိုင်ငံတကာစံနှုန်းကို လမ်းညွှန်အဖြစ်အသုံးပြုရန် အာတီကယ် ၁၉ အနေဖြင့် အကြံပြုလိုသည်။

ဤဆန်းစစ်လေ့လာချက်တွင် စုဝေးသူများကို နိုင်ငံတော်မှကာကွယ်ရန် တာဝန်ရှိသည်ဆိုသည့်အချက်ကို ဤဥပဒေ၌ အသိအမှတ်ပြုထားခြင်းကို အာတီကယ် ၁၉ မှ ကြိုဆိုသည်။ သို့သော် စုဝေးမှုပြုလုပ်ရန်အတွက် ခွင့်ပြုမိန့် ရယူနိုင်မည့် နည်းလမ်း၊ ခွင့်ပြုမိန့်ငြင်းပယ်ခြင်း၊ တရားရုံးမှတစ်ဆင့် ပြန်လည်အယူခံခွင့်မရှိခြင်းနှင့် သတင်းမီဒီယာများမှ စုဝေးခြင်း အပေါ် သွားရောင်ခွင့် အာမခံချက်ကင်းမဲ့ခြင်းများသည် အခက်အခဲဖြစ်စေကာ၊ ထိုအချက်များကို အမြန်ဆုံး ပြင်ဆင်သင့် သည်။

[1] ဤ ဆန်းစစ်ချက်ကို ဇူလိုင်လတွင် အလွတ်သဘော အင်္ဂလိပ်ဘာသာပြန်ထားသည့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ ပေါ်အခြေခံ၍ရေးသားထားခြင်းဖြစ်သည်။ အာတီကယ် ၁၉ အနေဖြင့် အင်္ဂလိပ်ဘာသာပြန်မှားယွင်းမှုနှင့် ထိုမှားယွင်းမှုအပေါ်အခြေခံ၍ ပေးထားသော သုံးသပ်ချက်ကိုတာဝန်မယူပါ။ ဤ သုံးသပ်ချက်စာတမ်း၏ နောက်ဆက်တွဲတွင် အင်္ဂလိပ်ဘာသာပြန် နည်းဥပဒေများကို ပူးတွဲထည့်သွင်းထားသည်။

မြန်မာအစိုးရအနေဖြင့် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်၍ အခြားပြဌာန်းထားသောဥပဒေများကိုလည်း နိုင်ငံတကာစံနှုန်းတွင်အခြေခံ၍ ပြန်လည်သုံးသပ်ခြင်း၊ ထိုသတ်မှတ်ချက်စံများနှင့် ကိုက်ညီမှုရှိသော ပြင်ဆင်ခြင်းများ ပြုလုပ်ရန် အာတီကယ် ၁၉ တိုက်တွန်းလိုသည်။

# လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာ နိုင်ငံတကာစံနှုန်း

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်

ဒီမိုကရေစီလူ့အဖွဲ့အစည်းတည်ရှိဖို့အတွက် အရေးကြီးဆုံးလိုအပ်ချက်တစ်ချက်သည် လွတ်လပ်ခွင့်နှင့် အခြေခံအခွင့်အရေးကို လေးစားခြင်းဖြစ်သည်။ ထိုလွတ်လပ်ခွင့်များတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အရေးကြီးဆုံးသော အချက်တစ်ချက်အဖြစ် သတ်မှတ်ထားသည်။ အဆိုပါအခွင့်အရေးသည် လူထု၏အမြင်ကို ထုတ်ဖော်ခွင့်ပေးခြင်းနှင့် အစိုးရ၏လုပ်ဆောင်ချက်အပေါ် ထင်မြင်ချက်ပေးခြင်းများ လုပ်နိုင်စေကာ လူထုကို ဒီမိုကရေစီနည်းကျ သင့်လျော်စွာ အုပ်ချုပ်မှုရှိရန် ဖြစ်စေသည်။ လူထုပါဝင်သော ဆွေးနွေးပွဲများ၊ စိတ်ကူးအမြင်များဖလှယ်ခြင်းများ ပြုလုပ်နိုင် ရန် ပေါ်လစီနှင့် သတင်းအချက်အလက်များကို လွတ်လပ်ပွင့်လင်းစွာ ရယူနိုင်ခွင့်ရှိရန် လိုသည်။ အစည်းအဝေးများ၊ လူထုလှုပ်ရှားမှု၊ ဆန္ဒထုတ်ဖော်ပွဲများနှင့် စည်တန်းလှည့်လည်ခြင်းကဲ့သို့သော လှုပ်ရှားမှုများကို ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာ အခွင့်အရေးက ကာကွယ်စောင့်ရှောက်သည်။ ယင်းအခွင့်အရေး၏ ကြွန်အင်လက္ခဏာနှင့် ရည်ရွယ်ချက်သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်(မိမိအမြင်ကို ထုတ်ဖော်ခွင့်)နှင့် ဆင်တူမှုရှိသည်။ ဤအခွင့်အရေး နှစ်ရပ်စလုံးသည် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အခြေခံအချက်ဖြစ်သည်။ အခွင့်အရေး နှစ်ရပ်စလုံးကို လုပ်ဆောင်မှုရှိသော ဒီမိုကရေစီ၏ အခြေခံအုပ်မြစ်အဖြစ် ယူဆသည်။[2]

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း The Universal Declaration of Human Rights (“UDHR”) ၏ အပိုဒ် ၁၉ က လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုကာကွယ်၍ ဤသို့ဆိုထားသည်။

> လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟ ဖော်ပြနိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ အနှောင့် အယှက်မရှိဘဲ လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့် ပါဝင် သည့်အပြင်၊ နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန် မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို တနည်းနည်းဖြင့် လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချီခွင့်တို့လည်း ပါဝင်သည်။

ထို့အပြင် လူ့အခွင့်အရေးကြေငြာစာတမ်း၏ အပိုဒ် ၂၀ ၌လည်း

(၁) လူတိုင်းတွင် လွတ်လပ် အေးချမ်းစွာ စုဝေးနိုင်ခွင့်နှင့် ဖွဲ့စည်းနိုင်ခွင့် တို့ ရှိသည်။

---

[2] *Handyside v United Kingdom* (1976) in EHRR 737 at para. 49 and Supreme Court of Zimbabwe, in *Retrofit (PVT) v PTC & ANOR*, 1995 (2) ZLR 199 (S) 210H-211A. See also Feltoe, G., ‘Just How Precious is Freedom of Expression?’ in *Legal Forum* (Vol. 9 No. 3, 1997) 23-32, 23.

(၂) မည်သူကိုမျှ အဖွဲ့အစည်းတစ်ခုသို့ ဝင်စေရန် အတင်းအကျပ်မပြုရ။

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ဆုံးဖြတ်ချက်အရ ယူဒီအိတ်ရ်အာသည် နိုင်ငံများအပေါ် တိုက်ရိုက်စည်းနှောင်အား မရှိပေ။ သို့သော် ထိုကြေငြာချက်ကို ထုတ်ပြန်သည့် ၁၉၄၈ ခုနှစ်မှ စတင်၍ အပိုဒ် ၁၉ အပါအဝင် ယူဒီအိတ်ရ်အာ၏ အပိုဒ်များကို နိုင်ငံတကာ ထုံးတမ်းဓလေ့ဥပဒေကဲ့သို့ ဥပဒေစွမ်းအား ရှိသည်ဟု အသိအမှတ်ပြု လက်ခံထားသည်။[3]

နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် "အိုင်စီစီပီအာ" သည် ၎င်း၏ အပိုဒ် ၁၉ ပါ ပြဋ္ဌာန်းချက်ဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းရယူခွင့်အပါအဝင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်းပါ အချက်အတော်များများကို ဥပဒေ စွမ်းအား သက်ရောက်စေသည်။

(၁) လူသားတိုင်းသည် မည်သည့်စွက်ဖက်မှုမပါဘဲ မိမိတို့၏အတွေးအခေါ် အယူအဆများကို လွတ်လပ်စွာ စွဲကိုင်ပိုင်ခွင့်ရှိသည်။

(၂) လူတိုင်းလွတ်လပ်စွာ ပြောဆိုရေးသား ဖော်ပြပိုင်ခွင့်ရှိသည်။ ဤအခွင့်အရေးတွင် လွတ်လပ်စွာပြောဆိုပိုင်ခွင့်၊ နယ်နမိတ်ပိုင်းခြားကျော်လန်၍ နှုတ်ဖြင့်ဖြစ်စေ၊ စာရေးသား၍ဖြစ်စေ၊ ပုံနှိပ်၍ဖြစ်စေ၊ အနုပညာအမျိုးမျိုးနှင့်ဖြစ်စေ၊ အမျိုးမျိုးသော သတင်းအချက်အလက်၊ အတွေးအခေါ်များကို လွတ်လပ်စွာ ဖြန့်ချိပိုင်ခွင့်နှင့် လွတ်လပ်စွာ လက်ခံပိုင်ခွင့်တို့ရှိသည်။

(၃) ဤအပိုဒ်ပါ အပိုဒ်(၂)ပါ အခွင့်အရေးကို ကျင့်သုံးရာတွင် အထူးစောင့်ရှောက်ရမည့်တာဝန်နှင့် ဝတ္တရားများရှိသည်။ ထို့ကြောင့် ဤအခွင့်အရေးများအပေါ် ကန့်သတ်ချက်တစ်စုံတစ်ရာ ရှိနိုင်သည်။ သို့သော် ဤကန့်သတ်ချက်များသည် ဥပဒေနှင့် ကိုက်ညီရမည်ဖြစ်ပြီး -

(က) အခြားပုဂ္ဂိုလ်များ၏ ဤအခွင့်အရေးနှင့် ဂုဏ်သိက္ခာတို့ကို လေးစားရမည်။

(ခ) နိုင်ငံတော်လုံခြုံရေး၊ လူထုအတွင်း သဟဇာတရှိရေး၊ လူထုကျန်းမာရေးနှင့် လူထုစာရိတ္တတို့ကို ကာကွယ်ရေး။

ထို့အပြင် အိုင်စီစီပီအာ၏ အပိုဒ် ၂၁ တွင် ဆက်လက်ဖော်ပြထားသည်မှာ -

ငြိမ်းချမ်းစွာ စုရုံးပိုင်ခွင့်ကို အသိအမှတ်ပြုသည်။ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ခုအတွင်း နိုင်ငံတော်လုံခြုံရေး သို့မဟုတ် လူထုလုံခြုံအန္တရာယ်ကင်းရေး၊ လူထုအတွင်း သဟဇာတရှိရေး၊ လူထုကျန်းမာရေး၊ လူထုအကျင့်စာရိတ္တထိန်းသိမ်းရေးနှင့် အခြားပုဂ္ဂိုလ်ရေးတို့၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်တို့အား ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည်နှင့်အညီ ဥပဒေအရချမှတ်ရန် လိုအပ်သော ကန့်သတ်ချက်မျိုးမှလွဲ၍ မည်သည့်ကန့်သတ်ချက်မျှ ဤအခွင့်အရေးပေါ် မချမှတ်ရ။

[3] *Filartiga v. Pena-Irala*, 630 F. 2d 876 (1980) (US Circuit Court of Appeals, 2nd circuit).

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်တို့၏ ပတ်သက်ဆက်နွယ်မှု

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တွင် အပိုင်းနှစ်ပိုင်းပါဝင်ကြောင်း အာတီကယ် ၁၉ က ထောက်ပြထားသည်။ ပထမ အပိုင်းတွင် နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန် မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို တနည်းနည်းဖြင့် လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချီခွင့်တို့ ပါဝင်သည်။ ဒုတိယအပိုင်းသည် ထိုအခွင့်အရေးများကို ကျင့်သုံးပုံကျင့်သုံးနည်းဖြစ်သည်။
ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာအခွင့်အရေးသည် အစည်းအဝေး ပြုလုပ်ခြင်း၊ လူထုလှုပ်ရှားမှု၊ ဆန္ဒထုတ်ဖော်ပွဲများနှင့် စီတန်းလှည့်လည်ခြင်းကဲ့သို့သော လှုပ်ရှားမှုအမျိုးမျိုးကို ကာကွယ် စောင့်ရှောက်သည်။ အထက်တွင်ဖော်ပြခဲ့သလို အိုင်စီစီပီအာ အပိုဒ် ၁၉၊ (၁) အချက်ကို ကျင့်သုံးခြင်းသည် သဘောတရားများနှင့် သတင်းအချက်အလက်များကို "နှုတ်ဖြင့်ဖြစ်စေ၊ အရေးအသားဖြင့်ဖြစ်စေ၊ ပုံနှိပ်စာဖြင့်ဖြစ်စေ၊ အနုပညာနည်းဖြင့်ဖြစ်စေ သို့မဟုတ် *အခြားသော မီဒီယာနည်းဖြင့်ဖြစ်စေ*" ရယူခွင့်ရှိခြင်းနှင့် ဖြန့်ချီခွင့်ရှိခြင်းကို ဆိုလိုသည်။ ဤဖော်ပြချက်သည် ပြီးပြည့်စုံခြင်း မရှိပါ။ လူ့အဖွဲ့အစည်းတစ်ခု၏ အဆင့်မြင့်ဆက်သွယ်မှုနည်းပညာနှင့် သဘောတရား အကြောင်းအရာများအပေါ် မူတည်၍ သဘောတရားရေးရာများကို ဆက်သွယ်ဖလှယ်မှုပုံစံသည် အကြောင်းအရင်း အမျိုးမျိုးပေါ် မူတည်ကာ ကွဲပြားသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အခြေခံသတင်းဆက်သွယ်မှု မီဒီယာများမှာ ရုပ်မြင်သံကြား၊ ရေဒီယို၊ ပုံနှိပ်စာ၊ အီးမေးလ် တို့ဖြစ်သည်။ မြန်မာပြည်လို ဖွံ့ဖြိုးဆဲနိုင်ငံ၏ ဒေသများတွင် လူထုအများစုမှာ ဆက်သွယ်မှု ကရိယာအချို့ကို အသုံးပြုနိုင်ခွင့်မရှိပေ။ ထို့ကြောင့် စက်ကရိယာမပါဘဲ များသောအားဖြင့်သတင်းအချက်အလက်နှင့် သဘောတရားရေးရာများကို ဖြန့်ချီသည့်အခြေခံနည်းလမ်းမှာ နှုတ်ဖြင့်ဆက်သွယ်ဆောင်ရွက်ခြင်းဖြစ်နိုင်သည်။ ထိုသို့ ဆက်သွယ်ဆောင်ရွက်နိုင်ရန်မှာ လူများအနေဖြင့် တစ်နေရာသို့ လာရောက်စုဝေးရန် လိုအပ်ပေမည်။ ထို့အတွက်ကြောင့် မြန်မာပြည်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရရှိခြင်းသည် လွတ်လပ်စွာစုဝေးခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့် အာမခံ ချက်မည်မျှရှိမည် ဆိုသည့်အပေါ် မူတည်သည်။

ထို့အတွက်ကြောင့် လွတ်လပ်စွာစုဝေးခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်ကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏ အဓိပ္ပါယ်တူ စကားလုံးအဖြစ်သာ ဖော်ညွှန်းကြသည် သာမက ဒီမိုကရေစီစနစ်၏ မရှိမဖြစ်သော အရာ ဖြစ်သည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်သည် အပြန်အလှန် အမှီသဟဲ ပြုကြ သည်။ ထို့ကြောင့် လွတ်လပ်စွာစုဝေးခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်များကို ကျင့်သုံးနိုင်ခြင်းသည် လွတ်လပ်စွာ ထုတ်ဖေါ် ပြောဆိုခွင့် မည်မျှရရှိကြောင်း အာမခံချက်ရှိမှုအပေါ် မူတည်သည်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်၏ အကန့်အသတ်များ

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်များသည် အကန့်အသတ်မဲ့မဟုတ်ပေ။ ၎င်းတို့ကို အကန့်အသတ်ဖြင့် နားလည်နိုင်သော အခြေအနေတွင် ကန့်သတ်နိုင်သည်။

အထူးသဖြင့် ကန့်သတ်မှုပြုလုပ်ရန် အောက်ပါ တိကျသော အချက်သုံးချက်နှင့် ကိုက်ညီရမည် -

၁။ ကန့်သတ်ချက်ကို ဥပဒေဖြင့် ပြဋ္ဌာန်းရမည်။

၂။ ကန့်သတ်ချက်သည် နိုင်ငံတကာဥပဒေမှ တရားဝင် လက်ခံထားသော ဦးတည်ချက်နှင့် ကိုက်ညီရမည်။

၃။ အဆိုပါ တရားဝင်လက်ခံထားသော ဦးတည်ချက်ကို စောင့်ရှောက်ရန်နှင့် မြှင့်တင်ရန်အတွက်

လိုအပ်ချက်အရ ကန့်သတ်ခြင်းသာ ဖြစ်ရမည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်ကို ကန့်သတ်မည်ဆိုလျှင်၊ လူထုတည်ငြိမ်ရေးအတွက်သာ ကန့်သတ်နိုင်ပြီး ထိုဦးတည်ချက်အတွက် သင့်လျော်စွာပြုလုပ်မှသာ မှန်ကန်လက်ခံနိုင်စရာ ဖြစ်သည်။ အကယ်၍ ဦးတည်ချက်ပြည့်မှီရန် ဆောင်ရွက်ရာတွင် ညင်သာသောနည်းဖြင့် ပြုလုပ်နိုင်ပါက၊ အညင်သာဆုံးသောနည်းဖြင့် ကန့်သတ်ခြင်းကိုသာပြုရမည်။ ထို့အပြင် မည့်သို့သောကန့်သက်ချက်မျိုးမဆို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တစ်နည်းနည်းဖြင့် ပိတ်ပင်မှုမဖြစ်စေ ရန် တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။

အရေးကြီးသည့် မှတ်သားစရာအချက်တစ်ချက်မှာ နိုင်ငံတော်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်အပေါ် ဝင်ရောက်စွက်ဖက်ခြင်းမပြုမိရန်အတွက် မိမိကိုယ်ကို ကန့်သတ်ရန် တာဝန်ရှိသည်သာမက၊ ဤအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် အပြုသဘောဆောင်သည့် တာဝန်ရှိသည်။ ထိုတာဝန်ကို ပြည်တွင်း ဥပဒေတွင် အသိအမှတ်ပြုကြောင်းရှင်းလင်းစွာဖော်ပြသင့်ပြီး၊ နိုင်ငံတော်မှ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ကို စီတန်းလှည့်လည်မှုတွင်ပါဝင်သူများအား အနှောက်အယှက်ပေးသူများမှ ကာကွယ်ဆောင်ရွက်ပေးသင့်သည်။

# မြန်မာပြည်အတွက် နိုင်ငံတကာလူ့အခွင့်အရေးစံ အရေးကြီးမှု

မြန်မာပြည်သည် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်ကို ပဏာမ လက်မှတ်ထိုးခြင်းနှင့် လိုက်နာရန် အတည်ပြုလက်ခံထားခြင်းမရှိကြောင်းကို အာတီကယ် ၁၉ က သိရှိပါသည်။ ထို့ကြောင့် ဤသုံးသပ်ချက်တွင်ဖော်ပြထားသော အိုင်စီစီပီအာ၏ အပိုဒ် ၁၉ သတ်မှတ်ချက်စံနှုန်းအပြင် နိုင်းယှဉ်ဖော်ပြချက် ဥပဒေစံနှုန်းနှင့် နိုင်ငံတကာအဖွဲ့အစည်း၏ အရေးကြီးသော ထုတ်ပြန်ကြေငြာချက်များသည် မြန်မာနိုင်ငံအပေါ် တရားဝင် စည်းနှောင်အားရှိမည်မဟုတ်ပေ။

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၆၄ တွင် ပြဋ္ဌာန်းထားသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်သည် ၎င်း၏ အဓိပ္ပါယ်ကို ကျယ်ပြန့်စွာ ဖွင့်ဆိုနိုင်စေရန် ခွင့်ပြုထားသည်။ ထိုသို့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အရေးကြီးသောအခြေခံအချက်အဖြစ် သတ်မှတ်ထားခြင်း၊ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ တွင် ထည့်တွင်းထားခြင်းကြောင့် ၎င်းပြည်တွင်းဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဖြစ်နိုင်လျှင် အမြင့်ဆုံးသောလေးစားမှုစိတ်ဖြင့် ဖွင့်ဆိုခြင်းပြုနိုင်ရန်အတွက် လိုအပ်သည့် ဆောင်ရွက်ချက်တစ်ခုခြင်းစီ လုပ်ဆောင်ရန်လိုအပ်သည်။ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများမှ ဥပဒေနည်းနာများ၊ အရေးကြီးသော နိုင်ငံတကာ ကြေငြာစာတမ်းနှင့် ထုတ်ပြန်ကြေငြာချက်ကဲ့သို့သော စည်းနှောင်အားမရှိသည့် စံသတ်မှတ်ချက် စာတမ်းများ သည် ထင်ရှားသည့် တရားသူကြီးများနှင့် အခြားတတ်သိပညာရှင်များ၏ နိုင်ငံတကာနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အာမခံ သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဓိပ္ပါယ်ဖွင့်ဆိုပုံဖွင့်ဆိုနည်းကို ထင်ဟပ်စေပါသည်။

ဤဆန်းစစ်ချက်၏ လာမည့်အခန်းတွင် ထုတ်ပြန်ထားသည့် နည်းဥပဒေ ပြဋ္ဌာန်းချက်များကို နိုင်ငံတကာစံနှုန်းပေါ် အခြေခံ၍ သုံးသပ်တင်ပြထားသည်။

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာစုဝေးခွင့်ဆိုင်ရာ ဥပဒေကို ဆန်းစစ်သုံးသပ်ခြင်း

## ၎င်းဥပဒေ၏ အပြုသဘော ကြန်အင် လက္ခဏာ

နိုင်ငံတော်က ငြိမ်းချမ်းစွာစုဝေးမှုတွင် ပါဝင်သူများကို ကာကွယ်ရန်တာဝန်ရှိကြောင်း ဤဥပဒေတွင် အသိအမှတ်ပြုထား ခြင်းကို ကြိုဆိုနိုင်ပါသည်။ အပိုဒ် ၂၄ အရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတွင် ပါဝင်သူများကို ပါဝင်သူ လူဦးရေပေါ် မူတည်၍ ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးနှင့် လုံလောက်သော ရဲတပ်ဖွဲ့ အင်အားဖြင့် ကာကွယ်စောင့်ရှောက်မှုပေးရမည် ဟုဆိုထားသည်။ ငြိမ်းချမ်းစွာစုဝေးမှုအတွက် ခွင့်ပြုချက် ပေးရမည့် တာဝန်ရှိအဖွဲ့အစည်းနှင့် ပါဝင်ဆောင်ရွက်သူများကို အကာအကွယ်ပေးရန် ဖော်ပြထားသည့်အချက်ကိုလည်း ချီးမွမ်းသင့် သည်။

## ၎င်းဥပဒေ၏ အဆိုးသဘော ကြန်အင် လက္ခဏာ

အာတီကယ် ၁၉ အနေဖြင့် ယင်းဥပဒေ၏ အဆိုးသဘောဆောင်သော အောက်ပါ ကြန်အင်လက္ခဏာများကို သုံးသပ် တင်ပြထားသည်။

### <u>စုဝေးခွင့်အတွက် အသိပေးခြင်းထက် ခွင့်ပြုချက်ရယူရခြင်း</u>

ဤဥပဒေ၏ အကြီးမားဆုံးသော ပြဿနာတစ်ခုမှာ အခန်း ၂ တွင်ဖော်ပြထားချက်အရ မိမိ၏ ငြိမ်းချမ်းစွာစုဝေးခွင့်ကို ကျင့်သုံးလိုသူသည် ခွင့်ပြုချက်ရယူနိုင်ရန်အတွက် အနည်းဆုံးငါးရက် ကြိုတင်လျှောက်ထားရန်လို အပ်ချက်ဖြစ်သည်။

ပထမဦးဆုံးအနေနှင့် အာတီကယ် ၁၉ မှတ်ချက်ပေးသည်မှာ စုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်းတွင် ပါဝင်နိုင် ရန်အတွက် ခွင့်ပြုမိန့်လျှောက်ထားရန်လိုအပ်ခြင်းသည် နိုင်ငံတကာဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်း ဖြစ် သည်။ လွတ်လပ်စွာနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်သည် အခြေခံအခွင့်အရေးဖြစ်သောကြောင့် ယင်းအခွင့်အရေး အရေးကို ကျင့်သုံးရန် ခွင့်ပြုချက်ရယူစရာမလိုပေ။ ဒုတိယအချက်အနေဖြင့် အခန်း ၂ ပါ ပြဋ္ဌာန်းချက်များသည်  စုရုံးမှုတွင် လူဦးရေ ရာဂဏန်း၊ ထောင်ဂဏန်း ပါဝင်လာနိုင်သည့်အတွက် လက်တွေ့မကျပါ။ ထိုသို့သော အခြေအနေတွင် ရဲဌာနက အရေအတွက်များသော လျှောက်လွှာများကို စီစစ်ရန် အချိန်ကြာမြင့်ကာ အရင်းအမြစ်များစွာ ကုန်ကျမည်ဖြစ်သည်။ အာတီကယ် ၁၉ အကြံပြုသည်မှာ ဤလိုအပ်ချက်ကို အလုံးစုံ ပယ်ဖျက်၍ စုဝေးခြင်းကို ဦးဆောင်ပြုလုပ်သူများတွင်သာ အာနာပိုင်များအား အသိပေးရန် ဝတ္တရားထားရှိကြောင်း ဖော်ပြသင့်သည်။

နိုင်ငံတကာဥပဒေအရ စုဝေးမှုအတွက် ကြိုတင် ခွင့်ပြုမိန့်ရယူရန် လိုအပ်ချက်ကို မဆိုထားနဲ့ စုရုံးမှုအတွက် ကြိုတင်ခွင့်ပြု မိန့် ရယူရန် လိုအပ်ခြင်းမျိုးပင်မရှိပါ။ စုရုံးမှုအတွက် ကြိုတင်ခွင့်ပြုချက်နှင့် ခွင့်ပြုမိန့်ရယူရန် လိုအပ်ချက်သည် လွတ်လပ်စွာ စုဝေးခွင့်ကို ကန့်သတ်ခြင်းဖြစ်သောကြောင့် အထက်တွင်ဖော်ပြခဲ့သော အချက်သုံးချက်နှင့် ကိုက်ညီမှုရှိရမည်။

စုဝေးမှုအတွက် အသိပေးခြင်းလုပ်ငန်းစဉ်သည် ဗဟိုချုပ်ကိုင်မှုလျှော့နည်းကာ၊ မခက်ခဲစေသင့်ပါ။ အဘယ်ကြောင့်ဆိုသော် စုရုံးခြင်း ပြုလုပ်လိုသူများအား အားမပေးရာရောက်သဖြင့် လွတ်လပ်စွာစုဝေးခွင့်ကို ချိုးနှိမ်ရာရောက်သည်။ ဥပမာ ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ Organization for Security and Co-operation in Europe (OSCE) နှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအဖွဲ့ Democratic Institutions and Human Rights (ODIHR) ၏ လွတ်လပ်စွာစုဝေးခွင့်အပေါ် ဗင်းနစ်ကော်မရှင် လမ်းညွှန်ချက် Venice Commission Guidelines on Freedom of Assembly တွင် နိုင်ငံတကာဥပဒေမှ လွတ်လပ်စွာစုရုံးခွင့်ပြုလုပ်ရန် ကြိုတင်ခွင့်ပြုမိန့်ရယူရန် လိုအပ်ချက်ကို ရှင်းလင်းစွာဖော်ပြထားသည်။ ထို လမ်းညွှန်ချက် ဆိုထားသည်မှာ -

> ပွင့်လင်းသောလူ့အဖွဲ့အစည်းတွင် အမျိုးမျိုးသော စုရုံးမှုပြုလုပ်ရန်အတွက် တရားဝင်စည်းမျဉ်းပုံစံ သတ်မှတ်ထား ခြင်းမရှိပါ။ ထို့ကြောင့် ကြိုတင်အကြောင်းကြားမှုလိုအပ်သည့်အချိန်မှာ ၎င်း၏ ဦးတည်ချက်က နိုင်ငံတော် အနေဖြင့် လွတ်လပ်စွာစုရုံးခြင်းအတွက် လိုအပ်သည့် အစီအစဉ်များ လုပ်ဆောင်ပေးရန် လိုအပ်သည့်အချိန်၊ လူထုတည်ငြိမ်မှု ၊ လူထုလုံခြုံရေး နှင့် အခြားသူများ၏ အခွင့်အရေး၊ လွတ်လပ်မှုများကို ကာကွယ်စောင့်ရှောက် ရန်သာဖြစ်သည်။ ယင်းသို့သော ဥပဒေပြဋ္ဌာန်းချက်အရ စုဝေးမှုကို ဦးဆောင်သူများသည် ခွင့်ပြုချက် တောင်းဆိုခြင်းဆိုသည်ထက် မိမိတို့၏ ရည်ရွယ်ချက်အကြောင်း အသိပေးခြင်းကိုသာ ပြုလုပ်ရသည်။
>
> အကြောင်းကြားခြင်း လုပ်ငန်းစဉ်သည် ဗဟိုချုပ်ကိုင်မှုမတင်းကြပ်ဘဲ၊ လွယ်ကူရပါမည်။ အကြောင်းကြားခြင်း ကာလသည် မလိုအပ်ဘဲ အချိန်မကြာသင့်ပါ။ သို့သော် စုဝေးခြင်းအတွက် သက်ဆိုင်ရာ အာဏာပိုင်များ အနေဖြင့် ၎င်းတို့၏ အပြုသဘောဝတ္တရားကို ဆောင်ရွက်နိုင်ရန်အတွက်နှင့် ကန့်သတ်ချက်များရှိလာပါက တရားရုံးသို့ လျှင်မြန်စွာ အယူခံစာတင်ခြင်းဖြင့် ကန့်သတ်ချက်ကို စိန်ခေါ်ရန် စုဝေးခြင်းပြုလုပ်မည့်ရက်မတိုင်မီ လုံလောက်သော အချိန်ပေးထားသင့်သည်။
>
> အာဏာပိုင်များမှ တင်ပြထားသော အသိပေးချက်ကို ချက်ခြင်းကန့်ကွက်ခြင်းမရှိပါက၊ စုဝေးခြင်းပြုလုပ်ရန် စီစဉ်သူမှ တင်ပြထားသည့် အသိပေးချက်အတိုင်း ကန့်သတ်ချုပ်ချယ်ခြင်းမရှိပဲ အစီအစဉ်ကို ဆောင်ရွက်သွား နိုင်သည်။[4]
>
> ထို့ကြောင့် ဤဥပဒေပါ အခန်း ၂ ကို ပြန်လည်ပြုပြင်ရမည်။ စုဝေးခြင်းအတွက် အာဏာပိုင်များ ခွင့်ပြုမိန့် ထုတ်ပေးခြင်းဆိုသည်ထက် အသိပေးအကြောင်းခြင်းအဖြစ် ပြင်ဆင်သင့်ကြောင်း အာတီကယ် ၁၉ အကြံပြုလို သည်။

<u>အကြံပြုချက်များ -</u>

- စုဝေးမှုတွင် ပါဝင်ရန်အတွက် ခွင့်ပြုချက်ရယူရန် လိုအပ်ခြင်းစနစ်ကို ဖျက်သိမ်းရမည်။

---

[4] See OSCE ODIHR/Venice Commission, Guidelines on Peaceful Assembly CDL-AD(2010)020 2nd edition, adopted by the Venice Commission at its plenary 4 June 2010, p. 9; available at http://www.venice.coe.int/docs/2010/CDL-AD(2010)020-e.pdf.

- ဥပဒေပါ စုဝေးခြင်း၊ စုဝေးမှုနှင့် စီတန်းလှည့်လည်ခြင်းကို စီစဉ်သူများအား ခွင့်ပြုမိန့်ပေးခြင်းစနစ်ကို အသိပေးအကြောင်းကြားခြင်းစနစ်ဖြင့် အစားထိုးရမည်။

## တိကျရှင်းလင်းမှုမရှိသော ခြွင်းချက်များ

ဤဥပဒေ၏ အခန်း ၃ အပိုဒ် ၆ တွင် စုဝေးခွင့်ပြုမိန့်လျှောက်ထားခြင်းကို "နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူထုအေးချမ်းသာယာရေးနှင့် လူထုကိုကာကွယ်စောင့်ရှောက်သည့် တည်ဆဲဥပဒေကို ချိုးဖောက်လျှင်" ငြင်းပယ်နိုင်သည်ဟု ဆိုထားသည်။

ဤဥပဒေမှ ပြဋ္ဌာန်းထားသော ခြွင်းချက်များသည် နိုင်ငံတကာဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း အာတီကယ် ၁၉ က သုံးသပ်သည်။ လွတ်လပ်စွာစုရုံးခွင့်ကို အိုင်စီစီပီအာ၏ အပိုဒ် ၂၁ တွင် ဖော်ပြထားသော အောက်ပါတရားဝင် ရည်ရွယ်ချက်များဖြင့်သာ ကန့်သတ်နိုင်သည် - လူထုအတွင်း သဟဇာတရှိရေး၊ လူထုလုံခြုံအန္တရာယ်ကင်းရေး၊ လူထုကျန်းမာရေး နှင့် အကျင့်စာရိတ္တထိန်းသိမ်းရေး၊ အခြားပုဂ္ဂိုလ်များ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်တို့အား ကာကွယ်စောင့်ရှောက် ရေးတို့ဖြစ်သည်။ ထို့ကြောင့် ဤဥပဒေမှ အကာအကွယ်ပေးထားသော အချက်များသည် နိုင်ငံတကာဥပဒေမှ အသိအမှတ် ပြုထားသော ရည်ရွယ်ချက်နှင့် တူညီမှုမရှိပေ။

အာတီကယ် ၁၉ မှတ်ယူသည်မှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ကို နိုင်ငံတော်လုံခြုံရေး အတွက် ကန့်သတ်ခြင်းကို တိကျစွာ အဓိပ္ပါယ်ဖွင့်ဆိုသင့်သည်။ နိုင်ငံတော်လုံခြုံရေး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရယူပိုင်ခွင့်ဆိုင်ရာ ဂျိုဟန်နာ့စ်ဘာဒ်မှ *Johannesburg Principles on National Security, Freedom of Expression and Access to Information*[5] တွင် နိုင်ငံတကာပညာရှင်များနှင့် အာတီကယ် ၁၉ မှ ဖွင့်ဆိုထားသော အောက်ပါ အချက်များကို နိုင်ငံတော်လုံခြုံရေးအတွက် ခြိမ်းခြောက်မှုဖြစ်သည်ဟု မမှတ်ယူသင့်ပေ -

- နိုင်ငံတော်ဖွဲ့စည်းပုံစနစ်အပေါ် မေးခွန်းမေးခြင်းအပြင် နိုင်ငံရေးဆိုင်ရာကိစ္စအဝဝကို တင်ပြခြင်းသာမက၊ ဆွေးနွေးညှင်းနှုံခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရအဖြစ်မှတ်ယူသင့်သည်။ ထို့ကြောင့် အစိုးရပြောင်းလဲရန် သို့မဟုတ် အစိုးရ၏ မူဝါဒပြောင်းလဲရန် စည်းရုံးလှုံ့ဆော်ခြင်းသည် ဥပဒေကို ချက်ခြင်း ကြီးမားစွာချိုးဖောက်ရန် လှုံ့ဆော်ခြင်း သို့မဟုတ် ဆိုးရွားစွာ ဥပဒေချိုးဖောက်မှု အလားအလာ ဖြစ်စေမည်မဟုတ်ပေ။
- တစ်မျိုးသားလုံး၊ နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်၏ သင်္ကေတ၊ အစိုးရ၊ ၎င်း၏ဌာနများ၊ သို့မဟုတ် အစိုးရဝန်ထမ်း၊ အခြားလူမျိုး၊ အခြားနိုင်ငံတော် သို့မဟုတ် ၎င်း၏ သင်္ကေတ၊ အစိုးရ၊ ဌာနများနှင့် အစိုးရဝန်ထမ်း များကို ဝေဖန်ခြင်း။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီခြင်းမရှိဟုယူဆရသော ထင်မြင်ချက်ကိုမြှင့်တင်သည် ဟုဆိုကာ စုရုံးခွင့်ကို ကန့်သတ်ခြင်းသည် ဥပဒေစည်းမျဉ်းဖြင့် ကန့်သတ်ခြင်းဖြစ်ပြီး၊ လွတ်လပ်စွာစုဝေးခွင့်ကို အကျိုးအကြောင်း မဆီလျော်သောနည်းဖြင့် ထိပါးတိုက်ခိုက်ခြင်းဖြစ်သည်။

[5] The Johannesburg Principles on National Security, Freedom of Expression and Access toInformation, Freedom of Expression and Access to Information, ARTICLE 19, November 1996; available at http://www.article19.org/data/files/pdfs/standards/joburgprinciples.pdf.

- နယ်မြေပေါင်းစည်းမှုဆိုင်ရာ စိုးရိမ်ချက်တွင်အခြေခံ၍ အမျိုးသားလုံခြုံရေး အကြောင်းပြချက်ဖြင့် ပြုလုပ်သော ကန့်သတ်ချုပ်ချယ်မှုသည် သံသယဖြစ်စရာမှ ကင်းရှင်းကာ အကျိုးသင့်အကြောင်းသင့် လက်ခံယုံကြည်နိုင်သော အခြေအနေတွင်ရှိနေရမည်။
- နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သူဟုကြေငြာခြင်းခံထားရသော အဖွဲ့အစည်းတစ်ခုခု၏ အကြောင်းကို အစိုးရမှ သတင်းအချက်အလက်ဖြန့်ချီခြင်း  သို့မဟုတ် ၎င်းနှင့်ဆက်စပ်သည့် အကျိုးစီးပွါး သို့မဟုတ် ထင်မြင်ချက်များကို အထူးသဖြင့် လူနည်းစုလူမျိုး၏ ဘာသာစကားတစ်ခုခုဖြင့် ဖော်ပြခြင်း။

ကန့်သတ်ချုပ်ချယ်ခြင်းကို အလွန်အကျွံအသုံးပြုနိုင်စေသည့်အချက်ကို ဤနည်းဥပဒေတွင် ပြဋ္ဌာန်းထားခြင်းသည် ပြဿနာ တစ်ရပ်ဖြစ်သည်။ သတ်မှတ်ထားသော ရည်ရွယ်ချက်အတွက် ကျင့်သုံးသော မည်သည့်ကန့်သတ်မှုမျိုးမဆို သင့်လျော် မှန်ကန်မှုရှိရမည်ဆိုသည့် နိုင်ငံတကာဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်၍ ဤ နည်းဥပဒေတွင် ထိုသို့သော ပြဋ္ဌာန်းချက်မျိုး မပါဝင်ပါ။ ထို့ကြောင့် တရားဝင် ဦးတည်ချက်ပြည့်မီအောင် ဆောက်ရွက်ရန်အတွက် အာဏာပိုင်များတွင် အညင်သာဆုံးသော ကန့်သတ်ချုပ်ချယ်မှုကို လိုက်နာကျင့်သုံးရန် ဝတ္တရားမရှိပေ။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရာတွင် အောက်ပါအချက်များထဲမှ တစ်ချက်ကို ဤနည်းဥပဒေတွင် ဖော်ပြထားခြင်းဖြင့် လိုက်နာရန်ကျင့်သုံးရန် တိုက်တွန်းလိုသည်။ ၎င်းတို့မှာ လူထုတည်ငြိမ်ရေး၊ လူထုအန္တရာယ်ကင်း လုံခြုံရေး၊ ကျန်းမာရေးနှင့်အကျင့်စာရိတ္တကာကွယ်စောင့်ရှောက်ရေး၊ တစ်ပါးသူ၏ အခွင့်အရေးနှင့် လွတ်လပ်မှုကို ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသားလုံခြုံရေး နှင့် သူတို့၏ရည်ရွယ်ချက်ပြည့်မီရန် အချိုးညီဖြစ်စေရေးတို့ဖြစ်သည်။

<u>အကြံပြုချက်များ -</u>

- ဤနည်းဥပဒေကို ပြန်လည်ပြုပြင်သင့်သည်။ သို့မှသာ ငြိမ်းချမ်းစွာစုဝေးမှုအပေါ် ကန့်သတ်ခြင်းသည် နိုင်ငံတကာဥပဒေတွင် ပြဋ္ဌာန်းထားသော အချက်သုံးချက်နှင့် ကိုက်ညီမည်ဖြစ်သည်။

## <u>လိုအပ်သည်ထက်ပိုသော စည်းမျဉ်း</u>

ဤနည်းဥပဒေတွင် အမျိုးမျိုးသော လုပ်ထုံးလုပ်နည်းနှင့် ပုံစံလျှောက်လွှာများဖြည့်စွက်ရန် လိုအပ်ကြောင်း သတ်မှတ်ထား ခြင်းဖြင့် လိုအပ်သည်ထက်ပိုသော စည်းမျဉ်းသတ်မှတ်ချက်ကို ပြဋ္ဌာန်းထားသည်။ စုဝေးခြင်းကို မြို့နယ်တစ်ခုထက်ပိုသော နေရာများ၌ ပြုလုပ်မည့်ကိစ္စရပ်များတွင် ခွင့်ပြုချက်အများအပြားလိုအပ်မည် ဖြစ်သောကြောင့် ရုံးလုပ်ငန်းဆိုင်ရာဝန်ကို တိုးမြှင့်ပေးရာရောက်သည်။

များပြားလွန်းသော ရုံးကိစ္စ လုပ်ဆောင်ရန် လိုအပ်ချက်များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်ပြုလုပ်ရန် အတွက် အဟန့်အတားဖြစ်စေသည်သာမက အာဏာပိုင်များသည် ရုံးဆိုင်ရာစည်းမျဉ်းများကို ချိုးဖောက်၍ စုဝေးမှုအား ကန့်သတ်မည်ကို အာတီကယ် ၁၉ မှ စိုးရိမ်မိသည်။ ဤကိစ္စနှင့် ဆက်စပ်၍ ကျနော်တို့ထပ်မံစိုးရိမ်မိသည်မှာ ၎င်းဥပဒေ သည် မပြည့်စုံသည့် ခွင့်ပြုမိန့်လျှောက်ထားခြင်းများကို ပြန်လည်အမှားပြင်ဆင်ခွင့် မပေးခြင်းဖြစ်သည်။ ခွင့်ပြုချက် လျှောက်ထားခြင်း မပြည့်စုံပါက လျှောက်လွှာ ထပ်မံတင်သွင်းရမည်ဖြစ်ပြီး၊ လုပ်ငန်းစဉ်ကို အစမှ ပြန်လည်စတင် ရမည်ဖြစ်သည်။ ဤစည်းမျဉ်းသည် မလိုလားအပ်သော နှောင့်နှေးမှုများဖြစ်စေခြင်း သို့မဟုတ် စုဝေးခြင်းပြုလုပ်ရန်အတွက် လက်တွေ့မကျပါ။

လုပ်ထုံးလုပ်နည်းနှင့် လျှောက်လွှာပုံစံကို ရိုးရှင်းလွယ်ကူစွာဖြစ်စေရန် ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်း အာတီကယ် ၁၉ အကြံပြုသည်။ ၎င်းနည်းဥပဒေအနေဖြင့် မပြည့်စုံသောလျှောက်ထားခြင်းများကို ပြန်လည်၍ အမှားပြင်ဆင်ခွင့် ပေးသင့် သည်။

အကြံပြုချက်များ -

- စုဝေးမှုကို အကြောင်းကြားဖို့ လုပ်ဆောင်ရန်လိုအပ်သော လုပ်ထုံးလုပ်နည်း၊ လျှောက်လွှာပုံစံများကို ရှင်းလင်း လွယ်ကူအောင်ပြင်ဆင်ပေးသင့်သည်။ မပြည့်စုံသော အသိပေးခြင်းပုံစံကို အမှားပြင်ဆင်ခွင့်ပေးသင့်သည်။

## ခွင့်ပြုမိန့်ငြင်းပယ်ခြင်းကို တရားရုံးတွင် အယူခံခွင့် မရှိခြင်း

စုဝေးခွင့်လျှောက်ထားခြင်း ငြင်းပယ်ခံရပါက တစ်ဆင့်မြင့်သော ရဲအရာရှိသို့သာ အယူခံခွင့်ရှိကြောင်း ဤဥပဒေက ဆိုထားသည်။

မိမိတို့ သိထားသည်မှာ အုပ်ချုပ်ပိုင်းဆိုင်ရာဌာနမှချမှတ်ထားသော တရားဝင် ဆုံးဖြတ်ချက်အပေါ် ၎င်း အုပ်ချုပ်မှုပိုင်း ဆိုင်ရာဌာန၏ ထိန်းချုပ်နိုင်မှုအာနာသည် ထိရောက်မှုသိပ်မရှိပေ။ အထူးသဖြင့် အထက်အရာရှိမှ ကြည့်ရှုစစ်ဆေးကာ တစ်ခါချမှတ်ထားသော ခွင့်ပြုမိန့်ငြင်းပယ်ခြင်းကို ၎င်းက  အယူခံဝင်ခြင်းကို ပြန်လည်ဆုံးဖြတ်ရမည့် အခြေအနေမျိုးကို ဆိုလိုသည်။

ထို့ကြောင့် ခွင့်ပြုမိန့်ငြင်းပယ်ခြင်းခံရပါက အာဏာပိုင်များ၏ ဥပဒေအရ ဆောင်ရွက်ရန် လစ်ဟင်းမှုကို စိန်ခေါ်ရန် စုဝေးမှု ဦးဆောင်ပြုလုပ်သူများအား တရားရုံးတွင် အယူခံဝင်ခွင့်ပေးသင့်ကြောင်း အာတီကယ် ၁၉ အကြံပြုလိုသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုရုံးခွင့်အပေါ် ချမှတ်သော ကန့်သတ်ချက်များကိုလည်း အလွန်အကျွံဖြစ်ခြင်း ရှိ မရှိ တရားရုံးမှ ဆန်းစစ်နိုင်ရပါမည်။

အကြံပြုချက်များ -

- ဥပဒေအရဆောင်ရွက်ရန် အာဏာပိုင်များ၏ လစ်ဟင်းမှုကို တရားရုံးမှ ပြန်လည်စစ်ဆေးရန် သို့မဟုတ် စုဝေးခွင့်ငြင်းပယ်ခြင်းကို တရားရုံးသို့ အယူခံဝင်နိုင်ခွင့်ကို စုဝေးမှု ဦးဆောင်ပြုလုပ်သူများအား ခွင့်ပြုသင့်သည်။

## စုဝေးမှုပြုလုပ်ရန် ခွင့်ပြုမိန့်လျှောက်ထားခြင်းအား အာဏာပိုင်များ မတုံ့ပြန်ခြင်းအပေါ် အကာအကွယ်ပေးထားမှုမရှိခြင်း

ဥပဒေမှပြဋ္ဌာန်းထားသော ခွင့်ပြုမိန့်ပေးခြင်းနည်းနာ ကိုယ်တိုင်က အခက်အခဲရှိနေသော်လည်း ပိုဆိုးသည်မှာ ဤဥပဒေသည် စုဝေးခြင်းပြုလုပ်ရန် ခွင့်ပြုမိန့်လျှောက်ထားခြင်းကို တုံ့ပြန်ရမည့်အချိန်ကာလ အတိအကျဖော်ပြထားခြင်း မရှိပါ။ ဌာနဆိုင်ရာများသည် တစ်ဦးချင်းစီ၏ ခွင့်ပြုမိန့်တောင်းလျှောက်ခြင်းကို လျှင်မြန်စွာ မတုံ့ပြန်နိုင်ကြောင်းကို ကျနော်တို့ သိပါသည်။ ထိုသို့ နှောင့်နှေးမှုကြောင့် စုရုံးမှုပြုလုပ်ရန် အခက်အခဲဖြစ်စေနိုင်သည်။

ထို့ကြောင့် ဤနည်းဥပဒေတွင် အကယ်၍ အာဏာပိုင်များဘက်မှ ၂၄ နာရီအတွင်း တုံ့ပြန်ခြင်းမရှိလျှင် စုဝေးပွဲစီစဉ်သူများ အနေဖြင့် ကန့်သတ်ခြင်းမရှိဘဲ အာဏာပိုင်များအား အသိပေးထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်သွားခွင့်ရှိကြောင်း ပြဋ္ဌာန်းသင့်သည်။ အသိပေးအကြောင်းကြားချက်ကို လက်ခံရရှိသူ အရာရှိအနေဖြင့်လည်း စုဝေးခြင်းကို စီစဉ်သူများ အသိပေးအကြောင်းကြားချက်ကို လက်ခံရရှိကြောင်း အတည်ပြုချက်ထုတ်ပြန်ရန် တာဝန်ပေးထားသင့်သည်။

<u>အကြံပြုချက်များ -</u>

- ဤဥပဒေတွင် စုဝေးခွင့်တောင်းလျှောက်ခြင်းကို အာဏာပိုင်များ ၂၄ နာရီအတွင်းတုံ့ပြန်ရမည်ဖြစ်ကြောင်း တာဝန်ပေးအပ် ထားရန်နှင့် တုံ့ပြန်ခြင်းမရှိပါက ပွဲစီစဉ်သူများအနေဖြင့် ကန့်သတ်ချုပ်ချယ်ခြင်းမရှိပဲ အာဏာပိုင် များအား အကြောင်းကြားထားသည့် အစီအစဉ်အတိုင်း စုဝေးပွဲကို လုပ်ဆောင်သွားနိုင်ရန် တိကျရှင်းလင်းစွာ ပြဋ္ဌာန်းထားသင့်သည်။
- ဤဥပဒေတွင် စုဝေးပွဲပြုလုပ်ရန် အကြောင်းကြားထားခြင်းကို လက်ခံရရှိသော အာဏာပိုင်များ အနေဖြင့် ပွဲစီစဉ် သူများက အာဏာပိုင်များအား အကြောင်းကြားခဲ့ကြောင်း အတည်ပြုချက်ကို ထုတ်ပြန် ပေးရမည်ဟု တိကျ ရှင်းလင်းစွာ ပြဋ္ဌာန်းထားသင့်သည်။

## ခွင့်ပြုချက်ရရှိရန်အတွက် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရန် လိုအပ်ခြင်း

ဤဥပဒေအရ စုဝေးမှုတွင် ပါဝင်လိုသူသည် ငါးရက်ကြိုတင် ခွင့်ပြုချက်လျှောက်ထားရန် လိုအပ်သည်ဟု ဆိုထားသည်။ ဤအချိန်အတိုင်းအတာသည် ရှည်ကြာလွန်းသည်။ ငါးရက်ကြိုတင် ခွင့်ပြုချက် တောင်းခြင်း မဖြစ်သင့်ကြောင်း အာတီကယ် ၁၉ သုံးသပ်သည်။ စုဝေးပွဲတွင် ပါဝင်သူများထိုခွင့်ပြုချက်ရယူရန် မလိုပဲ ၊ ပွဲစီစဉ်သူများသာ အာဏာပိုင် များအား အကြောင်းကြားသင့်သည်။

ငါးရက်ထက်လျှော့နည်း၍ သတ်မှတ်လျှင် ပိုမိုသင့်တော်သည်။

<u>အကြံပြုချက်များ -</u>

- စုဝေးမှုပြုလုပ်ရန်အတွက် နှစ်ရက်ကြိုတင် အကြောင်းကြားရန်သာ လိုအပ်ကြောင်း ဤဥပဒေတွင် ပြဋ္ဌာန်းထားသင့်သည်။

## ရုတ်တရက် အလိုအလျောက်ဖြစ်လာသည့် စုဝေးမှု မပြုလုပ်နိုင်ခြင်း

ဤဥပဒေကို အသုံးပြု၍ ရုတ်တရက် အလိုအလျောက်ဖြစ်လာသည့် စုဝေးမှုများကို တားဆီးနိုင်သည်ဟု အာတီကယ် ၁၉ သုံးသပ်မိသည်။ ရက်အနည်းငယ်ကြိုတင် အကြောင်းကြားရန်မဖြစ်နိုင်သည့် ခြွင်းချက် အခြေအနေမျိုးနှင့် ပတ်သက်၍ ဤဥပဒေ၌ ပြဋ္ဌာန်းထားခြင်းမရှိပါ။ ဥပမာ လူထုအနေဖြင့် လူပုဂ္ဂိုလ်အချို့အား ဝန်ကြီးဌာနရာထူးများအတွက် ရွေးချယ်မှု ကို ကန့်ကွက်ရန် ဆန္ဒပြလိုသည့်ကိစ္စမျိုးကိုဆိုလိုသည်။ စုဝေးခြင်းကို ရက်ရွှေ့ပေးရပြီး ရွေးကောက်ပွဲကို နောက်တစ်ရက် တွင်ကျင်းပ ပါက ကန့်ကွက်ဆန္ဒပြခြင်းသည် အဓိပ္ပါယ်ရှိမည်မဟုတ်။

အချို့ကိစ္စရပ်များအပေါ် ငြိမ်းချမ်းစွာ၊ ချက်ခြင်းရုတ်တရက် လူစုလူဝေးပြုလုပ်ခြင်းဖြင့် လူထုရှေ့တွင် တုံ့ပြန်နိုင်ခွင့် ရှိခြင်းသည် လွတ်လပ်စွာစုရုံးခွင့်၏ မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ရုတ်တရက်ဖြစ်လာတတ်သော စုဝေးမှုများကို ခြွင်းချက် အဖြစ်မမြင်ဘဲ အလုပ်ဖြစ်သောဒီမိုကရေစီစနစ်တွင် ဖြစ်တတ်သော အခြေအနေအဖြစ်သာ သတ်မှတ်သင့်သည်။

ထို့ကြောင့် ရက်ပေါင်းများစွာ ကြိုတင်အကြောင်းကြားရန် လိုအပ်ချက်နှင့် ပတ်သက်၍ ထိုသို့မလုပ်နိုင်သည့် အခြေအနေ မျိုးတွင် ခြွင်းချက်အဖြစ် သတ်မှတ်ရန် အာတီကယ် ၁၉ အနေဖြင့် အကြံပြုလိုသည်။ စည်းမျဉ်းအရ ရုတ်တရက် စုဝေးမှုကို ဦးဆောင်ပြုလုပ်သူများအနေဖြင့် အာဏာပိုင်များထံသို့ ကြိုတင်အကြောင်းရခြင်းမှ ကင်းလွတ်သင့်သည်။ ရုတ်တရက် စုဝေးမှု ငြိမ်းချမ်းစွာပြုလုပ်နေသမျှကို အာဏာပိုင်များမှ အကာအကွယ်ပေးသင့်သည်။ ရုတ်တရက် စုရုံးခြင်းကို ဦးဆောင် သူများအား အာဏာပိုင်များထံသို့ ဥပဒေအရ ကြိုတင်အကြောင်းကြားရန် ပျက်ကွက်မှုအတွက် ဥပဒေအရ ပြစ်ဒဏ် ပေးခြင်းမပြုသင့်ပေ။ စုဝေးမှုတွင်ပါဝင်သူများအနေဖြင့် စုဝေးခြင်းသည် တရားမဝင်ရုတ်တရက်ဖြစ်ပေါ်လာခြင်းကို  မသိပါက သူတို့၏ပါဝင်မှုအား ဤဥပဒေမှ ကာကွယ်းပေးသင့်သည်။

<u>အကြံပြုချက်များ -</u>

- ဤဥပဒေတွင် ရုတ်တရက်အလိုအလျောက်ဖြစ်လာသော စုဝေးမှုကို ခြွင်းချက်အဖြစ်သတ်မှတ်၍ ၎င်းစုဝေးမှု ငြိမ်းချမ်းစွာပြုလုပ်နေသမျှ အာဏာပိုင်များအနေဖြင့် ကာကွယ်ပေးရမည်ဖြစ်ကြောင်း တိကျရှင်းလင်းစွာ ဖော်ပြထားသင့်သည်။

## <u>စုဝေးပွဲနှစ်ခုကို တစ်ချိန်တည်းကျင်းပခြင်းဆိုင်ရာ စည်းမျဉ်းမရှိခြင်း</u>

ဤဥပဒေတွင် စုဝေးပွဲကို တစ်နေရာထဲတွင် တစ်ချိန်ထဲ လုပ်ဆောင်ရန် အကြောင်းကြားလာသည့်အခြေအနေ သို့မဟုတ် စုဝေးမှုတစ်ခုကို တစ်ချိန်တည်းနှင့် တစ်နေရာတည်းတွင် ဆန့်ကျင်ရန် စုဝေးခြင်း ကိစ္စအပေါ် စည်းမျဉ်း သတ်မှတ်ထား ခြင်းမရှိပါ။ လက်ရှိ ပြဋ္ဌာန်းချက်အရ စုဝေးမှုအတွက် အကြောင်းကြားလာခြင်းကို (ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ဆိုလိုသည်) တစ်ခုခုအား ရွေးချယ်ခွင့်ပြုခြင်း သို့မဟုတ် နှစ်ခုစလုံးကို ငြင်းပယ်ရန် ဥပဒေကို လိုသလိုအသုံးပြုနိုင်သည်။

အာတီကယ် ၁၉ လေ့လာမိသည်မှာ နိုင်ငံတကာဥပဒေအရ လူတစ်ဦးချင်းစီနှင့် လူအုပ်စုလိုက်သည် အများပိုင်နေရာတွင် သူတို့၏ ထင်မြင်ချက်ကိုထုတ်ဖော်ရန် တန်းတူအခွင့်အရေးရှိသည်။ ထို့ကြောင့် လူအုပ်စုတစ်စုက စုဝေး၍ ထုတ်ဖော် ပြောဆိုသောအမြင်ကို သဘောမတူပါက ၎င်းတို့၏အမြင်ကို ဆန့်ကျင်သည့်အနေဖြင့် စုဝေးကာ ဆန့်ကျင်ခွင့် လူတိုင်းတွင် ရှိသည်။ တစ်နေရာနှင့် တစ်ချိန်တည်းတွင် ပြုလုပ်သော လူထုစုဝေးပွဲများကို တားဆီးခြင်းသည် လိုအပ်သည်ထက်ပိုကာ ပြင်းထန်သောတုံ့ပြန်ခြင်း ဖြစ်သည်။ ထိုသို့သော ဟန့်တားမှုသည် ဥပဒေအရသာ ဖြစ်သင့်သည်။

စုဝေးမှုနှစ်ခု တစ်နေရာနှင့် တစ်ချိန်တည်းတွင် ပြုလုပ်ရန် အကြောင်းကြားလာပါက တစ်ခုခြင်းစီကို အကောင်းဆုံး ကမကထပြုပေးသင့်ကြောင်း အာတီကယ် ၁၉ အကြံပြုလိုသည်။ အကယ်၍ ဤသို့သော ပြဋ္ဌာန်းချက်ကင်းမဲ့သော အခြေအနေမျိုးတွင် "ဦးသူစနစ်"ကို ကျင့်သုံးသင့်သည်။ စုဝေးမှုပြုလုပ်မည့် နေရာအား ပထမဦးစွာ အကြောင်းကြားသူကို ဦးစားပေး ခွင့်ပြုရန်ဖြစ်သည်။

<u>အကြံပြုချက်များ -</u>

- စုဝေးပွဲနှစ်ခုကို တစ်နေရာနှင့် တစ်ချိန်တည်းတွင် ပြုလုပ်ရန် အကြောင်းကြားလာပါက ဤဥပဒေတွင် စုဝေးမှုနှစ်ခုစလုံးကို အကောင်းဆုံးဖြစ်အောင် အာဏာပိုင်များမှ ဆောင်ရွက်ပေးသင့်သည်။

## စုဝေးပွဲများတွင် ရဲတပ်ဖွဲ့ချထားခြင်းဆိုင်ရာစည်းမျဉ်း ပြည့်စုံမှု မရှိခြင်း

ဤ ဥပဒေအရ စုဝေးပွဲများ၌ ရဲများအား နေရာချထားခြင်းကိစ္စ အမျိုးမျိုးသော ပြဌာန်းချက်များပါဝင်သည်။ ဆန္ဒထုတ်ဖော် စုဝေးပွဲတွင် ပါဝင်သူများအား ရဲများက ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိကြောင်းပြဌာန်းချက်သည် အပြုသဘော ဆောင်သော်လည်း ရဲဝန်ထမ်းများအား လုံခြုံရေးဆိုင်ရာ တိုင်းတာချက်ကို မည်မျှထိခွင့်ပြုထားကြောင်း ဤဥပဒေတွင် စည်းမျဉ်း ပြဌာန်းထားခြင်း မရှိပါ။ အင်အားအလွန်အကျွံသုံးလာနိုင်ခြင်းကို ကာကွယ်ရန်စနစ်မရှိခြင်းသည် လွတ်လပ်စွာ စုဝေးခွင့် ကျင့်သုံးရန် အခက်အခဲဖြစ်စေသည်။

ဤဥပဒေအရာ စုဝေးမှုပြုလုပ်ရန်နှင့် ပြင်ဆင်ရန်အတွက် ဦးဆောင်ပြုလုပ်သူနှင့် ရဲအကြား ဆွေးနွေးတိုင်ပင်ရန် မလိုအပ် ပါ။ ကျနော်တို့ မှတ်သားထားသည်မှာ ပုံမှန်အားဖြင့် ဦးဆောင်ကျင်းပသူများကသာ ပါဝင်သူများအား စုဝေးမှုတွင် ကူညီ ဆောင်ရွက်ပေးရန်နှင့် ဥပဒေနှင့် အညီဖြစ်စေရန် ညွှန်ကြားခန့်အပ်လေ့ရှိသည်။

မည်သို့သောအခြေအနေမျိုးတွင် ရဲတပ်ဖွဲ့က အင်အားကို မှန်ကန်စွာသုံးနိုင်ကြောင်း ဤဥပဒေတွင် ဖော်ပြထားသင့်သည်။ မည်သို့သော အင်အားသုံးမှုဖြစ်စေ အလွန်အကျွံမဖြစ်ပဲ လိုအပ်ချက်အရသာဖြစ်သင့်သည်။ ထို့ပြင် ဥပဒေတွင် လူကို မသေစေသည့် အင်အားပျော့သောလက်နက်ကိုသာအသုံးပြုရန်ဟု ယူဆနိုင်သည့် ပြဌာန်းချက် တိကျရှင်းလင်းစွာ ဖော်ပြ ထားသင့်သည်။ လူတစ်ဦး၏ အခွင့်အရေးကို ချိုးဖောက်ကာ သင့်လျော်မှန်ကန်မှုမရှိဘဲ အင်အားကို အလွန်အကျွံ သုံးသည့် ရဲဝန်ထမ်းများအား ၎င်းတို့၏လုပ်ရပ်အတွက် တာဝန်ယူစေသင့်သည်။

စုဝေးပွဲတွင်ပါဝင်သူများ၏ လုံခြုံရေးအတွက် စုဝေးပွဲဦးဆောင်သူများနှင့် ရဲအကြား ပူးပေါင်းရန် ဥပဒေအရ လိုအပ်ကြောင်း ပြဌာန်းသင့်သည်။ စုဝေးမှုကို ပါဝင်ကူညီသူများအား သေချာလေ့ကျင့်ပေးခြင်း၊ စုဝေးပွဲအတွင်း လွယ်ကူစွာ ခွဲခြားမြင်နိုင်ရန်နှင့် စုဝေးပွဲမတိုင်ခင် မှာကြားချက်ပြောကြားခြင်းများ သေချာစွာပြုလုပ်နိုင်ရန် စုဝေးပွဲဦးဆောင်သူများ အနေဖြင့် တာဝန်ယူကာ ရဲနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

<u>အကြံပြုချက်များ -</u>

- မည်သည့်အခြေအနေမျိုးတွင် အင်အားကို မှန်ကန်စွာအသုံးပြုနိုင်ကြောင်းကို စုဝေးပွဲတွင် ရဲတပ်ဖွဲ့ချထားခြင်း ဆိုင်ရာဥပဒေပြဌာန်းချက်၌ ဖော်ပြထားသင့်သည်။ လူမသေစေနိုင်သည့်အင်အား ကိုသာ အသုံးပြုရန် မှတ်ယူနိုင်သည့်ပြဌာန်းချက်၊ အလျင်းသင့်သလို ရဲများ၏ တာဝန်ရှိမှုဆိုင်ရာ ပြဌာန်းချက်နှင့် စုဝေးပွဲဦးဆောင် ပြုလုပ်သူများနှင့် ရဲတပ်ဖွဲ့ အကြားပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် ကိစ္စများဖြစ်သည်။

## စုဝေးပွဲဦးဆောင်ကျင်းပသူများတွင် လိုအပ်သည်ထက်ပိုသော တာဝန်ရှိမှု

စုဝေးပွဲတွင်ပါဝင်သူအားလုံး ဥပဒေအရသာ လုပ်ဆောင်ရန် စုဝေးပွဲစီစဉ်သူများတွင် တာဝန်ရှိကြောင်း ဤဥပဒေက ဆိုထားသည်။

ပွဲစီစဉ်သူများတွင် စုဝေးပွဲ၌ပါဝင်သူများအပေါ်သာမက မပါဝင်သူများကိုပါ တာဝန်ယူရသောကြောင့် စီစဉ်သူများ၏ တာဝန်သည် လိုအပ်သည်ထက်ပိုကြီးမားလွန်းနေကြောင်း အာတီကယ် ၁၉ က သုံးသပ်မိသည်။ တာဝန်ရှိခြင်းဟူသည် တစ်ဦးချင်းအပေါ်တွင်သာ မူတည်သင့်သည်။ ရဲအရာရှိ၏ အမိန့်ကိုမလိုက်နာခြင်း၊ ဥပဒေချိုးဖောက်ခြင်းနှင့် တစ်ဦးချင်းစီ၏ အပြုအမူအတွက် ၎င်းတို့တစ်ဦးချင်းစီတွင်သာ တာဝန်ယူသင့်သည်။ ထိန်းချုပ်မရသောသူများ၏ လုပ်ရပ်အတွက် တာဝန်ယူရမည်ကို စိုးရိမ်ရသည့်အခြေအနေနှင့် ကြီးမားသောတာဝန်သည် ပွဲစီစဉ်သူများတွင်သာ

ကျရောက်စေခြင်းသည် လူများအားစုဝေးခြင်း မပြုလုပ်ရန် ဟန့်တားရာရောက်ပါသည်။ ပြဿနာဖန်တီးသူများအားစေလွှတ်၍ စုဝေးပွဲများကို အနှောက်အယှက်ပေးသည့် အစိုးရတစ်ချို့၏လုပ်ရပ်ကို သတိထားမိသောကြောင့် အာတီကယ် ၁၉ အနေဖြင့် အစည်းအဝေးပွဲဦးဆောင်သူများ (အစိုးရမှကူညီသည့် ဦးဆောင်သူများသာမက)အပေါ် မမျှတစွာနှင့် လိုအပ်သည်ထက် ပိုကာ တာဝန်ယူစေသည့် လက်ရှိဥပဒေ အပြောင်းအလဲကို စိုးရိမ်မိသည်။

ထို့ကြောင့် စီစဉ်သူများတွင် သူတို့၏လုပ်ဆောင်မှုအတွက်သာ တာဝန်ခံသင့်ကြောင်း အကြံပြုလိုသည်။

အကြံပြုချက်များ -

- စီစဉ်သူများတာဝန်ရှိမှုဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်ကို ပြုပြင်ရမည်။ ဦးဆောင်စီစဉ်သူများသည် တစ်သီးပုဂ္ဂလပါဝင်သူများ၏ လုပ်ရပ်အပေါ် တာဝန်မယူသင့်ပါ။

## သတင်းမီဒီယာမှ စုဝေးပွဲသို့သွားရောက်ခွင့်နှင့် စုဝေးပွဲ စောင့်ကြည့်သူများအား အကာအကွယ်ပေးမှု အာမခံချက်မရှိခြင်း

စုဝေးပွဲသို့ မီဒီယာမှ သွားရောက်နိုင်ခွင့်ဆိုင်ရာကိစ္စကို ဤဥပဒေတွင် ပြဋ္ဌာန်းချက်မရှိပါ။

နိုင်ငံတကာဥပဒေအရ စုဝေးပွဲကျင်းပနေစဉ်ကာလအပါအဝင် မီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အကာအကွယ်ပေးခြင်း၊ မြင့်တင်ခြင်းနှင့် လေးစားခြင်းပြုရန် လိုအပ်ကြောင်း အာတီကယ် ၁၉ က မှတ်သားထားသည်။ လူထုအား စုဝေးပွဲအကြောင်း သတင်းပေးရန် သတင်းထောက်များနှင့် မီဒီယာသည် အရေးကြီးသည့် အခန်းကဏ္ဍကို လုပ်ဆောင်ကြသည်။ ထို့ပြင် မီဒီယာကဲ့သို့ စုဝေးပွဲကို စောင့်ကြည့်သူများ တက်ရောက်နိုင်ခြင်းသည် လွတ်လပ်စွာ စုဝေးခြင်းနှင့် ထုတ်ဖော်ပြောဆိုမှုတွင် ပါဝင်သူများ၏ အခွင့်အရေးကို အကာအကွယ်ပေးရာရောက်သည်။

ထို့ကြောင့် ရဲဝန်ထမ်းများအနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းမှ သတင်းထောက်များ၊ စုဝေးပွဲစောင့်ကြည့်သူများအား လူထုစုဝေးပွဲသို့ သွားရောက်နိုင်ရန် တာဝန်ရှိကြောင်း အကြံပြုသည်။

အကြံပြုချက်များ -

- နိုင်ငံတကာနှင့် ပြည်တွင်းမီဒီယာများ၊ စောင့်ကြည့်သူများသည် စုဝေးပွဲနှင့် စုဝေးပွဲကို ကူညီဆောင်ရွက်ရန် ရဲများ ချထားခြင်းကို သွားရောက်လေ့လာနိုင်ခွင့်ရှိကြောင်း အတိအလင်း ဥပဒေတွင် ပြဋ္ဌာန်းထားသင့်သည်။